The Karen Affairs Provisional Council (Allowances) (Amendment) Act 1951.
(Act No XXIX of 1951)

# ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီ ကောင်စီ (စရိတ်ကြေးငွေ များ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောင်တွင် “ အဆိုပါအက်ဥပဒေ ” ဟုရည်ညွှန်းသည့်၊ ၁၉၄၉ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၃၊ ဒုတိယ ခြွင်းချက်နောက်တွင် အောက်ပါကို ပုဒ်မ ၃-က အဖြစ်ထည့်သွင်းရမည်။

> “ ၃-က။ ။ကရင်ရေးရာ ယာယီကောင်စီသဘာပတိသည်၊ ပြည်သူ့အကျိုးအတွက်သော်၎င်း၊ ပြည်ထောင်စု အစိုးရကိစ္စနှင့်သော်၎င်း၊ ကရင်ရေးရာဝန်ကြီး၏ ညွှန်ကြားချက်အရ ခရီးသွားလာရသည့်အခါ၊ နေ့တွက်စရိတ်ကိုဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ ခရီးစရိတ်ကိုဖြစ်စေ၊ မြန်မာနိုင်ငံတော် ခရီးစရိတ်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်း ရယူခွင့်ရှိရမည်။ ”

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄ တွင် “ ခြောက်လအတွင်း ” ဆိုသည့် စကားရပ်အစား “ တနှစ်အတွင်း ” ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 250, M.of J.A., 4-10-51—2,000—II.
Price,—One anna.]